Volume 2 / Issue 4 /April / 2009

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)



## *Easter Prayer*

*God our Heavenly Father,*
*by raising Jesus Christ your Son;*
*you conquered the power of death*
*and opened for us the way to eternal life.*

*Let our celebration today raise up us*
*and renew our lives by the Spirit that is within us.*

*Jesus Christ is Risen: The world below lies desolate*
*Jesus Christ is Risen: The spirits of evil are fallen*
*Jesus Christ is Risen: The angels of God are rejoicing*
*Jesus Christ is Risen: The tombs of the dead are empty*

*Jesus Christ is Risen indeed from the dead, the first of the sleepers,*
*Glory and power are his forever and ever. Amen.*

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605

Phone (562) 944-9091 www. bcfla.org

## B.C.F Special Announcements



**Palm Sunday**

Palm Sunday - April o5, 2:00 PM
Place - 1555 E. Colorado Blvd.
Pasadena, CA 91106



**Combine Easter Sunrise Service**

Date - April 12, 6:00 AM
Place - Granada Park,
2233. Whitney Dr.
Alhambra, CA 91803



**Easter Service**

Easter Service - April 12, 2:00 PM
Place - 1555 E. Colorado Blvd.
Pasadena, CA 91106
(There will be Baptism Ceremony after the Easter Service)



**Burmese New Year Celebration**

မြန်မာ့နှစ်သစ်ကူး - April 26, 3:30 PM
Place - 1555 E. Colorado Blvd
Pasadena, CA 91106

Easter Message from Newsletter Editor: - John.20:11-18

# From the dark to the Gospel

So early in the morning on resurrection day there is was still dark.
Mary Magdalene in her dedication, came to the tomb so early that it was still dark, Mary was not just in the dark physically; she was still in the dark spiritually. That was a darkness of the soul.

Because she was in the dark, she completely missed the meaning of the empty tomb. She thought that Jesus' dead body had been stolen. And in her sense of duty she ran through the darkness to tell the other disciples. They were in the dark too.

Soon the sun became rise. Mary sat there weeping she heard a voice calling her name. Only then did the light of Easter come over the horizon of Mary's heart. At first she thought it was the gardener. But the truth dawned on her and she realized that it was her Master, Jesus Christ. He was alive! Jesus, the one who said "I am the light of the world" was alive. And she knew that Jesus was no longer dead but had come to life!

**Jesus is alive!** Not just the resuscitation of a corpse. They had all seen that before with Lazarus. But the first fruits of eternal life. Death had been defeated and the long night of sin was over.

He rose from death and gave you "new life, eternal life and everlasting life".

***New life….*** The sins of our past are taken away and covered by his blood.
***Eternal life****….* We can have a never ending depth of life, in Jesus Christ through our relationship with the Heavenly Father.
***Everlasting life*** …. We will not die but we will be raised to live in glory with Christ.

The real event of Easter was not an empty tomb.
The real event of Easter is living body of Jesus Christ has risen to eternal life.

It was then that Mary ran to tell the Gospel truth that …..Jesus was alive!
**He is alive! ….So you run to your friends and tell them. ….He is alive!**

I pray that the greater truth of Easter will **rise and shine** in your heart and soul.
If you have never accepted Jesus Christ as your Lord and Savior, do it today.

Put you trust in Jesus as "The light of the world" come into your life to bring God's love and peace. Let the real Easter sunrise transport you from darkness into light.

# စွန်ပလွံခက်တနင်္ဂနွေ Palm Sunday

ရေး၊– ရီရီအေး

ကလေးဘဝအရွယ်မှာ ကျမ၏ဖခင်သည် သူ၏သားသမီးများအား ဥပုသ်စာဖြေကျောင်း နှင့် နွေဥတု ကျမ်းစာသင်တန်းများကို မပျက်မကွက်တက်ရောက်ရန် သူကိုယ်တိုင် အရောက်ပို့ဆောင်ပေးခဲ့သည်။

ငယ်ရွယ်စဉ်ချိန်ခါဝယ် ကျမ၏ဖခင်သည် သမ္မာကျမ်းစာနှင့် ပတ်သက်သော ရုပ်ရှင်များ ရုံတင်ပြလျှင် သွား၍မကြည့်မီမှာ ထိုအကြောင်းအရာနှင့် ပတ်သက်သော ကျမ်းပိုဒ်များကို ကြိုတင်ဖတ်ခိုင်း၍ ရှင်းပြပြီးမှ ရုပ်ရှင်ကို လိုက်ပြပါသည်။

ပျိုရွယ်စဉ်အချိန်ရောက်သော် လူကြီးဝတ်ပြုစည်း၌ သံစုံသီချင်းသည် တစ်ဦးအနေဖြင့် ပါဝင်ရှိခိုးခွင့်ရချိန်တွင်၊ ကျမ၏ဖခင်သည် တနင်္ဂနွေနေ့အထူးဝတ်ပြုစည်းများ မသွားမီ ကြိုတင်၍ ထိုသို့ ပြုလုပ်ကျင်းပရခြင်းကို အချိန်ယူပြီး ရှင်းပြပါသည်။ ထိုနေ့များထဲတွင် စွန်ပလွံခက်တနင်္ဂနွေ Palm Sunday လည်းအပါအဝင်ဖြစ်ပါသည်။

စွန်ပလွံခက်တနင်္ဂနွေ Palm Sunday သည် 'ဟောရှဏ္ဏာ –Hosanna'ဟူ၍ သခင်ခရစ်တော်၏ဂုဏ်တော်အား ချီးမွမ်းကြွေးကြော် ပူဇော်ကတော့သည့် (Praise and adoration to Jesus Christ) ဝတ်ပြုကိုးကွယ်ထောမနာပြုရာ နေ့ထူးနေ့မြတ်ဖြစ်၏။ ထို့အပြင် ဝတ်ပြုကိုးကွယ်ရာ၌ စိတ်နှလုံးပြင်ဆင်ရမည့် အချက်များကို သွန်သင်ခဲ့သည်မှာ ယနေ့တိုင်အောင်မမေ့နိုင်ပေ။ ကျမ၏ဖခင် ဘုန်းတော်ဝင်စား(ကွယ်လွန်)သွားသည်မှာ အချိန်ကြာညောင်းခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင်အောင် သူ၏ဓမ္မသာသနာ့အမွေသည် ဆက်လက်ရှင်သန်ကာ၊ သီးပွင့်လျှက်ရှိနေပါသည်။

စိတ်နှလုံးသွင်းရန်အချက်များမှာမူကား၊–(မ၊၂၁း၈–၁၁။ မာ၊၁၁း၁–၁၀။ လု၊၁၉း၂၈–၃၈။ ယော၊၁၂း၁၂–၁၅)

၁။ နာခံခြင်း၊– တပည့်တော်နှစ်ဦး သခင်စေခိုင်းရာသို့ သွားသည်။
၂။ မည်သူမျှမစီးဘူးသော၊– အဦးဆုံး အမြတ်ဆုံးနှင့်သာ ထိုက်တန်၏။
၃။ မြည်းကလေး၊– နိမ့်ကျခြင်းမဟုတ် နှိမ့်ချခြင်းဖြစ်၍ နူးညံ့သိမ်မွေ့သောသဘောကို ဖေါ်ဆောင်၏။
၄။ သခင်အလိုရှိသည်၊– သခင် တောင်းသည့်အခါ ပေးနိုင်ရန် အဆင်သင့်ရှိနေရမည်။
၅။ ပြီးပြည့်စုံခြင်း၊– ပရောဖက်ဟောရာယ၏ အနာဂတ္တိ နှုတ်ထွက်စကား ပြည့်စုံခြင်း ဖြစ်သည်။
၆။ ဟောရှဏ္ဏာ၊– ချီးမြှောက်ခံထိုက်သော အရှင်ဘုရင် ဖြစ်၏။
၇။ ကြွေးကြော်၊– လူသားတိုင်း အသံကို လွှင့်၍ ချီးမွမ်းကြွေးကြော် ရမည်။

ကျမသည် Palm Sunday တွင်၊ သခင်ခရစ်တော်အား ဘုန်းကြီးဘုရင်အဖြစ် ချီးမြှောက်သော ဓမ္မတေးသီချင်းများကို နှလုံးးထဲမှ ရွှင်လန်းဝမ်းမြောက်စွာဖြင့် အသံကိုလွှင့်၍ ချီးမွမ်းသီဆိုရသည်ကို နှစ်သက်သည်။ နှစ်စဉ် Palm Sunday ရောက်သည့်အခါတိုင်း (သို့တည်းမဟုတ်) ထိုသီချင်းများကိုဆိုသည့်အခါတိုင်းတွင် သခင်ယေရှုသည် မြည်းကလေးစီးလျှက် ယေရုရှလင်မြို့သို့ဝင်ရာလမ်းမှာ အတိုင်းမသိ များစွာသော လူတို့သည် စွန်ပလွံခက်များကို ဝှေ့ရမ်း၍ သောင်းသောင်းဖျဖျ ကြိုဆိုကြသည်ကို အစဉ်မြင်ယောင်ခါ၊ "အရှင်တကာတို့၏အရှင်၊ ဘုရင်တကာတို့၏ဘုရင် "အား ထိုသူတို့ကဲ့သို့ပင် ချီးမွမ်းကြွေးကြော်မှုမျိုး ခံစားရ၏။ ချီးမွမ်းကြွေးကြော်ထိုက်ပေ၏။

အကယ်၍၊ သင်သည် တိတ်ဆိတ်စွာနေ၍၊ ချီးမွမ်းကြွေးကြော်ခြင်း မရှိခဲ့လျှင် သော်ငြင်း၊ (သို့တည်းမဟုတ်) ချီးမွမ်းကြွေးကြော်သူ အများတို့အား ပိတ်ပင်တားဆီးခဲ့လျှင် သော်လည်းငြင်း၊ ကျောက်ခဲ တို့သည် ချက်ခြင်းကြွေးကြော်ကြလိမ့်မည်ဟု သခင်ယေရှု မိန့်တော်မူခဲ့၏။

သခင်ယေရှု ခရစ်တော်အား ကြွေးကြော်ရမည်မှာ၊–

၁။ ဟောရှဏ္ဏာ ဖြစ်စေသတည်း။
၂။ ထာဝရဘုရား၏အခွင့်နှင့် ကြွလာတော်မူသော ရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း။
၃။ ကောင်းကင်ဘုံ၌ ငြိမ်သက်ခြင်းဖြစ်စေသတည်း။ ကောင်းကင် ဘဝဂ်ဝယ် ဘုန်းကြီးပါစေ သတည်း။

အာမင်။